နတ်စဉ်ကျောင်းစု ကျေးရွာအုပ်စု

နတ်စဉ်ကျောင်းစု ကျေးရွာ၊ကျိုက်လတ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

နတ်စဉ်ကျောင်းစု ကျေးရွာ၊ကျိုက်လတ်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ဇူလိုင်လ

မာတိကာ ၁-၄
ကျေးဇူးတင်လွှာ ၅
စကားချီ ၅-၆
နတ်စဉ်ကျောင်းစုကျေးရွာသယံဇာတပြမြေပုံ၊ ကျိုက်လတ်မြို့နယ် ၇
နတ်စဉ်ကျောင်းစု ကျေးရွာ ရာသီခွင်ပြဇယား ၈
နတ်စဉ်ကျောင်းစု ကျေးရွာတွင်းနှင့်ပြင်ပအဖွဲ့အစည်းများရှိမှု(VENN DIAGRAM) ၉
အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၁၀
(၁)နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၁၀-၁၁
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု
(၂) ကျေးရွာ၏ပထဝီအနေအထားနှင့်လွှမ်းခြုံသက်ရောက်မှု ၁၁-၁၂
(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၂-၁၃
(က) လူဦးရေဆိုင်ရာအချက်အလက်များ
(ခ) ကျန်းမာရေးနှင့်အာဟာရ
(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(ဃ) ကျား-မ ရေးရာဆိုင်ရာ
(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၃-၁၆
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ
(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတ စီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု
(စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့်ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု-လမ်းတံတား၊
လျှပ်စစ်စွမ်းအား၊သတင်း နှင့် ဆက် သွယ်ရေး

(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ ၁၆
အဟန့်အတား နှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၆-၁၇
(၇) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့်ပုံမှန်စစ်ဆေးခြင်း ၁၇-၁၈
(က) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး
(ခ) ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ
(ဂ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့
(ဃ) လမ်းပန်းဆက်သွယ်ရေး
(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၁၉
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ဦးစားပေးစီမံချက်များ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ(၃)စီမံကိန်းဇယားများ

လူမှုစီးပွားရေး အခြေအနေ

၁။ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

၂။ သဘာဝအရင်းအမြစ်နှင့်ရာသီဥတုအခြေအနေ

ဇယား(၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ

ဇယား(၃) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ဇယား(၅) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၆) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၇) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ဇယား(၁၀) ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား(၁၁) ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား(၁၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ဝန်ဆောင်မှုများ

ဇယား(၁၄) လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား(၁၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

၆။ ပညာရေး

ဇယား(၁၆) ကျောင်းတက်နှုန်း

ဇယား(၁၇) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

၇။ ကျန်းမာရေး

ဇယား(၁၈) အဖြစ်များသော ရောဂါများ

ဇယား(၁၉) လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၂၀) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ

ဇယား(၂၁) သောက်သုံးရေ ရရှိနိုင်မှု

ဇယား(၂၂) အိမ်သာအမျိုးအစား

၈။ ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ

ဇယား(၂၃) ကျေးရွာ၏ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များအခြေအနေ

၉။ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များအခြေအနေ

၁၀။ ကျား- မ ရေးရာ

ဇယား(၂၅) ကျား-မ ရေးရာ

ကိုးကားစာရင်း

**ကျေးဇူးတင်လွှာ**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၈ခု(၆)လ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည် ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ရှေးဦးစွာစီမံချက် ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီး သောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ပါဝင်ဆောင်ရွက် ပေးကြပါသော ကျေးရွာ သူ/ကျေးရွာသားများ အားလုံးကို လည်းအထူးကျေးဇူးတင်ရှိပါသည်။

**စကားချီး**

ကျွန်ုပ်တို့ကျေးရွာတွင် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စုပေါင်းစီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်းအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှုအားနည်းခဲ့ပါသည်။ စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် လိုအပ်ချက်နှင့်အခက်အခဲများတွေ့ရှိခဲ့ရပါသည်။ သို့ပါသော်လည်း ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်း ကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာသည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ် ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ပေါ်ပေါက်သည့်အခက်ခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီစအစဉ်များကိုမူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်ကိုဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုပေါင်း ဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုး မှုများဆက်လက်ရရှိမည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏

ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

**ဇူလိုင်လ၊၂၀၁၈**

**ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့**

**နတ်စဉ်ကျောင်းစုကျေးရွာ၊ကျိုက်လတ်မြို့**

နတ်စင်ကျောင်းစုကျေးရွာအုပ်စု၊ နတ်စင်ကျောင်းစုကျေးရွာ သယံဇာတပြမြေပုံ



နတ်စဉ်ကျောင်းစုကျေးရွာအုပ်စု၊နတ်စဉ်ကျောင်းစုကျေးရွာ

ရာသီခွင်ပြဇယား

| စဉ် | လများ | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
| ၁ | ရာသီဥတု | | | | | | | | နှင်းကျ | နှင်းကျ | နှင်းကျ | | |
| ၂ | ပွဲတော်များ | သင်္ကြန်ပွဲ | | | | | | | | | | တမနဲပွဲ | |
| ၃ | လယ်ယာလုပ်ငန်း | | လယ်ထွန် | မျိုးကျဲ | ကောက်စိုက် | | | | | | မြေဆီကျဲ | | ပေါင်းရိတ် |
| ၄ | ရေလုပ်ငန်း | | | | | | | | | | | | |
| ၅ | ကျပန်း/ဘောက် | ပေါင်းရိတ် | ကျပန်း | ကျပန်း | | | ကျပန်း | ကျပန်း | | ကျပန်း/ဘောက် | ကျပန်း/ဘောက် | ကျပန်း/ဘောက် | ပေါင်းရိတ် |
| ၆ | ဝမ်းစာဖူလုံမှု | ဖူလုံ | | | | | | | ဖူလုံ | | | | ဖူလုံ |
| ၇ | သီးနှံနှင့်မွေးမြူရေး<br>တိရိစ္ဆာန်ရောဂါ<br>ကျရောက်မှု | | | | | | | | | | | | |
| ၈ | သဘာဝဘေး<br>အန္တရာယ်ကျရောက်မှု | | | | မရေကြီး | ရေကြီး | ရေကြီး | | | | သာသာယာယာ | သာသာယာယာ | သာသာယာယာ |

နုတ်စဉ်ကျေးရွာတွင်း နှင့် ပြင်ပ အဖွဲ့အစည်းများ ပြပုံ (VENN DIAGRAM)




ရွာတွင်း.

၁။ ရပ်မိရပ်ဖ
၂။ ပြည်သူ့သူနာ
၃။ မီးသတ်
၄။ ကျောက်မြို့

ရွာပြင်

၁။ စိုက်ဘာက်
၂။ သာယ
၃။ ပတ်ဝန်းကျင်
၄။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့.
၅။ Proximating desing

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည် အစီအစဉ်အသစ်ဖြစ်ကြောင်းသိရှိရပါသည်။

**ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော် အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း သတင်းအချက်အလက်များ ရယူရန်နှင့်ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှု စီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍာဘဏ်များ၊စာပေပညာရှင်များ၊သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်အဆင့် ၊ တိုင်းအဆင့်၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

(NGOs)(CSOs) နှင့်အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထုအမှန်တစ်ကယ်လိုအပ်ချက် များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်)အာရှဖွံ့ဖြိုးရေးဘဏ်) နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း ပြုလုပ်လာနိုင်ပါသည်။

**(ခ) စီမံကိန်း ၏လွှမ်းခြုံသက်ရောက်မှု**

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ပါ၍လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အမြန်ဆုံးနှင့် အထိရောက်ဆုံး ဖြေရှင်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

နတ်စဉ်ကျောင်းစုကျေးရွာသည် ရန်ကုန်၊ မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေး ကားလမ်းမကြီးနှင့်၃မိုင်ကျော်ခန့်ဝေးသည့်နေရာတွင်တည်ရှိပြီးအုပ်ချုပ်မှုဆိုင်ရာ၊ကျိုက်လတ်မြို့နှင့်၅မိုင်ကျော်ခန့်ဝေးသောနေရာတွင်တည်ရှိပါသည်။အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းဖြစ်ပါသည်။တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မ(၈၀)မှ(၁၂၀)ဝန်းကျင်တွင်ရှိပြီးစိုက်ပျိုးရေးလုပ်ငန်းများအတွက်အသင့်အတင့်အထောက်အကူဖြစ်ပါသည်။ကျေးရွာတွင်ချောင်းများရှိပြီးမြေပြင်အနေအထားမှာလယ်မြေများဖြစ်ပြီးစပါးစိုက်ပျိုးထုတ်လုပ်ရန်နှင့်အသက်မွေးဝမ်းကျောင်းရန်အတွက် အဓိကအားထားရာဖြစ်သည်။ နှစ်စဉ်ရေကြီးနစ်မြုပ်ခြင်းခံရသောကြောင့် ပျက်စီးမှုများကြုံတွေ့ခံစားရသော်လည်းစီးပွားရေးပျက်စီးသည်အထိတွေ့ကြုံရပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေများရှိပြီး မြေအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ

မထွက်ရှိပါ။ တောင်သူများမှာချောင်းရေဖြင့်လယ်မြေကေ(၆၆၀.၅)ကေ ကျော်ကို ရေသွင်း၍ နွေသီးနှံ၊ မိုးသီးနှံအဖြစ် စိုက်ပျိုးကြသည်။ ထွန်းယက်စိုက်ပျိုးနိုင်သည့် ကေ(၆၆၀.၅)ကေ ရှိပြီး မိုးစပါးနှင့် နွေစပါးကိုအဓိကစိုက်ပျိုးကြသည်။ ရာသီပေါ်သီးနှံစိုက်ပျိုးမှုများလည်းရှိသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

အိမ်ထောင်စုပေါင်း (၂၄၁)စုနှင့် ကျား(၄၅၈)၊ မ(၄၇၁)ဦးဖြင့် လူဦးရေပေါင်း(၉၂၈) ရှိပြီး တစ်အိမ်ထောင်လျှင်ပျမ်းမျှ လူဦးရေ(၃.၈)ဦးနှုန်းရှိပြီးနိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှလူဦးရေ (၅) ဦးထက်လျော့နည်းသည်။ ကျေးရွာတွင်ဗမာလူဦးရေအများဆုံးနေထိုင်ကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေသည်အမျိုးသားဦးရေထက်ပိုမိုများပြားပါသည်။အမျိုးသမီးများအတွက်အိမ်တွင်းမှုလုပ်ငန်းများဆောင်ရွက်ပေးသင့်ပါသည်။

**(ခ) ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာတွင်ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝကြပါသည်။ သောက်ရေအတွက်မိုးလှောင်ကန်နှင့်သုံးရေအတွက်ချောင်းရေကို အသုံးပြုကြပါသည်။တခါတရံဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းမျိုးမှအပ အခြားဆိုးဝါးသောရောဂါများ ဖြစ်ပွားမှု နည်းပါးကြောင်းတွေ့ရှိရပါသည်။

**(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

နတ်စဉ်ကျောင်းစုကျေးရွာရှိ ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်း တွေ့ရပါသည်။ အများစုလိုလို စာအရေးအဖတ်ကျွမ်းကျင်ကြပါသည်။ ကျေးရွာတွင်မူလွန်ကျောင်း (၁)ကျောင်းရှိပါသည်။ အဌမတန်းအဆင့်ရောက်ကျောင်းသား/သူများသည်(၁)မိုင်ကျော်ခန့်ဝေးသော နတ်စဉ်ဝ(လယ်/တွဲ)ကျောင်းသို့လည်းကောင်း၊(၁)မိုင်ကျော်ခန့်ဝေးသောမယ်ဇလီ(လယ်/တွဲ)ကျောင်း သို့လည်းကောင်းပညာသင်ကြားကြရပြီး၊ အထက်တန်းအဆင့်ကိုကျုံသီဝ (တွဲဖက်အထက်တန်း ကျောင်းသို့လည်းကောင်း၊ပေချောင်(တွဲဖက်အထက်တန်းကျောင်း)သို့လည်းကောင်း၊ကျိုက်လတ်မြို့ရှိ အထက်တန်းကျောင်းများသို့လည်းကောင်း၊အတန်းပညာတက်ရောက်တက်ရောက်သင်ကြားနိုင်မှုမြင့် မားပါသည်။ ပညာအရည်အချင်းနှင့် ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိ ပြီးပညာအရည်အချင်းများ အသင့်အတင့်တက်မြောက်ကြသော်လည်း အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲ ဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးနေပါသေးသည်။

**(ဃ) ကျား-မရေးရာဆိုင်ရာ**

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင် ကျား/မများအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများ အကြမ်း

ဖတ်မှုများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျအားဖြင့်ပြောနိုင်ပါသည်။ ကျေးရွာတွင်နေ့ထွက်လုပ်အားခမှာအမျိုးသမီးများထက် အမျိုးသားများက ပိုရရှိကြပါသည်။ လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်ရရှိမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများ ထက်လုပ်အားခနည်းပြီးရကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်အမျိုးသမီးများပါဝင်မှု နည်းပါးလျှက်ရှိသည်။ ကျား-မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ( ပက်-အပြည်ပြည်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ရန်ပုံငွေအဖွဲ့အစည်း) များက ပြင်ပမှဖွဲ့စည်းပေးထားပြီးအသေးစားချေးငွေလုပ်ငန်းကို လည်ပတ်ဆောင်ရွက် လျှက်ရှိပါသည်။ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပါသည်။ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပါသည်။ စွမ်းဆောင်ရည်သင်တန်းများ ရရှိနိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲမှုတိုးတက်လာနိုင်ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေး ကဏ္ဍ

နတ်စဉ်ကျောင်းစုကျေးရွာတွင်မိုးစပါးနှင့်နွေစပါးကို အဓိကထား၍ သီးနှံစိုက်ပျိုး ထုတ်လုပ်ကြပါသည်။ မိုးစပါး ပျမ်းမျှအထွက်မှာ-တစ်ဧကလျှင် (၄၅)တင်းနှင့် နွေစပါး(၁၀၀)တင်း တို့ထွက်ရှိကြပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ကိုင်ခွင်အတွက် အလုပ်သမားရှားပါးမှုနှင့် ပြည့်စုံလုံလောက်သော လုပ်အားခမပေးနိုင်ခြင်း ပြဿနာများကိုရင်ဆိုင်ရပါသည်။ ကုန်ကျစရိတ်မြင့်တက်မှုကို ကျော်လွှာနိုင်ရန် နည်းစနစ်များ လိုအပ်နေကြပါသည်။နှစ်စဉ်ရေကြီးရေလျှံမှုသည် စိုက်ပျိုးမှုများအတွက် အရေးကြီးသော ပြဿနာတစ်ရပ်အဖြစ် လည်းကောင်း၊ ခရုဖျက်စီးခြင်းခံရမှု တို့သည်လည်း စိုက်ပျိုးမှုအတွက် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်နေပါသည်။ ကျေးရွာတွင် ဒေသထွက်မျိုးရင်းများဖြစ်သော ကြက်၊ဝက်၊ဘဲတို့ကိုသာ မွေးမြူကြပါသည်။ ရာသီအလိုက် ဖြစ်တတ်သော ရောဂါများကြောင့်သေဆုံးပျက်စီးမှုများရှိပါသည်။နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရရှိနိုင်ပါသည်။ သို့သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းနေပါသည်။ မွေးမြူရေးလုပ်ငန်းတည်ထောင်တိုးချဲ့ရန် ချေးငွေ အလွယ်တကူ နှင့်လုံလောက်စွာမရရှိခြင်းတို့သည် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းကို အဟန့်အတားဖြစ်စေပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းများမှာ အိမ်တွင်း စက်ချုပ်လုပ်ငန်းများ၊ နေ့စားအလုပ်

များ၊ခေါင်းရွက်ဗျက်ထိုး၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊စျေးဆိုင်များ၊အစိုးရဝန်ထမ်းတို့ဖြစ်ကြပါသည်။ လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရိတ်သိမ်းရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်မှုကြောင့်တွက်ခြေကိုက်မှုနည်းပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေများပြားခြင်းက ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးနှင့်အခြားသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေသြဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနိမ်နှင်းရေးနည်းစနစ်အား အသုံးပြုမည်ဆိုပါက အဆင်ပြေနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းများဖြစ်သည့် ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဖူးခွံ၊ကော်နှင့်ဆက်စပ်သောပစ္စည်းများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ ပေးရေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်ပါသည်။၎င်း ကျေးရွာသည်မြစ်ဝကျွန်းပေါ်ဒေသဖြစ်ခြင်းကြောင့် မုန်းတိုင်းဝင်ရောက်မှုကို ကြုံတွေ့ရပါသည်။နှစ်စဉ်ဖြစ်ပေါ်နေသောရေကြီးခြင်းသည်လည်း သဘာဝဘေးအန္တရာယ်တစ်ခုအဖြစ် ရှိနေဆဲဖြစ်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသော ချေးငွေကို အတိုးနှုန်း (၆.၇%) တစ်ဧက(၁၅၀၀၀၀/-)ကျပ်နှုန်းဖြင့် အများဆုံး (၁၀)ဧကအတွက်သာချေးယူသုံးစွဲခွင့်ရကြပါသည်။တစ်ဖန် (ပက်စ်မြန်မာ) အဖွဲ့အစည်းများရှိပြီးလစဉ်အရစ်ကျပေးသွင်းခြင်းပုံစံဖြင့်လည်းကောင်း သမဝါယမအသင်းမှ(၆)လ တစ်ကြိမ်ပေးသွင်းရသည့် ငွေချေးခြင်းပုံစံဖြင့်လည်းကောင်း၊ ငွေစု၊ငွေချေးလုပ်ငန်းများဆောင်ရွက်လျှက်ရှိပါသည်။ တစ်ချို့သောအိမ်ထောင်စု များသည်ရွာထဲမှ မိတ်ဆွေ၊မိသားစုထံမှ ချေးယူကြပါသည်။

**(စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

သောက်သုံးရေအတွက် မိုးရေလှောင်ကန်မှရရှိပြီး လုံလောက်မှုမရှိပါ။ အချို့အိမ်ထောင်စုများမှာ ချောင်းရေများကိုကြိုချက်၍သောက်သုံးကြပါသည်။အိမ်ထောင်စုများသည်ယင်လုံအိမ်သာများကိုဆောက်လုပ်သုံးစွဲကြသော်လည်း၊အချို့အိမ်ထောင်စုများမှာ ယင်လုံအိမ်သာ ဆောက်လုပ် သုံးစွဲခြင်းမရှိသေးပါ။ ထို့ကြောင့်ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သောရောဂါရှိနိုင်ပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များအတွက် ကျေးရွာတွင် အပန်းဖြေအနားယူနိုင်သည့်နေရာ သီးသန့်မရှိပါ။ အားကစားဆိုင်ရာ ဘောလုံးကွင်းများတည်ဆောက်ရန်လိုအပ်နေပါသေးသည်။ ကျေးရွာရှိ လူမှုရေးလုပ်ငန်းများ၊ဘာသာရေး ပွဲတော်များနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လူငယ်များ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။

**(ဇ) အခြေခံအဆောက်အဦး -လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာတွင်းရှိ လမ်းအများစုမှာ မြေသားလမ်းများဖြစ်ပြီး တစ်ပိုင်တစ်နိုင်ခင်းထားသော ကွန်ကရစ်လမ်းနှင့် ကျေးရွာစုပေါင်းခင်းထားသော ကွန်ကရစ်လမ်း (၄၂၀၀'×၄'×၃")ခင်းပြီး ဖြစ်ပါသည်။ ရေလမ်းခရီးကို အသုံးပြုကြပြီး စက်လှေ၊ဘုတ်လှေ၊ရိုးရိုးလှေများကို မိုးရာသီတွင် အများဆုံးအသုံးပြုကြပါသည်။ ကျေးရွာတွင် မီးလင်းရေးတွင်(ဆိုလာ)ကိုအသုံးပြု၍ လည်းကောင်း၊ ဘတ္တရီကိုအသုံးပြု၍ လည်းကောင်းသုံးစွဲကြရပါသည်။ ကျေးရွာတွင်ဆိုလာအား စနစ်ဖြင့်မီးလင်းရန် လည်းကောင်း၊လျှပ်စစ်အားဖြင့်မီးလင်းရန်လည်းကောင်းများစွာလိုအပ်နေပါသည်။ ကျေးရွာတွင် မိုဘိုင်းဆက်သွယ်ရေးကို လက်လှမ်းမီစွာ အသုံးပြုနေကြပါသည်။ အင်တာနက်အသုံးပြုသူ အသင့် အတင်ရှိပြီး သတင်းအချက်အလက် ချိတ်ဆက်မှုများအတွက် များစွာလိုအပ်နေပါသေးသည်။

**(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်နှင့် ကူးသန်းရောင်းဝယ်မှုကို အဆင်ပြေချောမွေ့စေပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

ကျေးရွာတွင်းရှိ လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီ၊မြေဩဇာ အတော်အသင့် ကောင်းမွန်ပါသည်။ မိုးရွာသွန်းမှုမှာလည်း စိုက်ပျိုးထုတ်လုပ်မှုအတွက် အထောက်အကူ ဖြစ်စေ ပါသည်။ ကျေးရွာအတွင်းတွင် ချောင်းများ၊မြောင်းများ၊ဖြတ်ကူးမြောင်းများ များစွာရှိခြင်းကြောင့် နွေစပါးစိုက်ပျိုးရေးတွင်လည်းကောင်း မိုးစပါးစိုက်ပျိုးရာတွင်ရေကြီးခြင်းကိုနည်းပါးစေရန်အတွက် ရေဆွဲထုတ်မှုကောင်းမွန်စေခြင်း၊ကျိုက်လတ်မြို့သို့ စပါးများသယ်ယူပို့ဆောင်ရောင်းချရာတွင် ရေလမ်းခရီးကို အဓိကအသုံးပြု၍ သွားလာရပြီး နွေအခါတွင်ရေတက်ချိန်များ၌ သွားလာရ လွယ်ကူပြီး ကုန်စည်စီးဆင်းမှုမှာအခက်အခဲရှိပါသည်။ အလုပ်လုပ်နိုင်သည့် လူဦးရေများသည့် အတွက် လူသားအရင်းအမြစ်တိုးတက်ဖွံ့ဖြိုးစေရန် ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း ပညာများကို လူငယ်များအား လေ့ကျင့်ပေးခြင်းဖြင့် တိုးတက်လာစေနိုင်ပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

ကျေးရွာလူထု အားလုံးပူးပေါင်းပါဝင်ပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

(က.၁) ကျေးရွာရှိ ရွာတွင်းလမ်းများကို ကွန်ကရစ်လမ်းများအဖြစ် တည်ဆောက်ရန်နှင့် ကျိုက်လတ်-မအူပင်ကားလမ်းမကြီးပေါ်သို့ ဆက်သွယ်ရေးလမ်းဖြစ်မြောက်အောင် တည်ဆောက်ပြီး၊ ရွာ၏ စီးပွားရေး၊ပညာရေး၊ကျန်းမာရေးတိုးတက်ရရှိလာစေရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ခေတ်မီပညာရေး မှတဆင့်ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရေး နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာ လူထုသည် သက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် စီးပွားရေးအုပ်စုများဖွဲ့ပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြှင့်မားလာမှုမှ တဆင့်ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာစေရမည်။

(က.၄) ကျွန်ုပ်တို့ ကျေးရွာလူထုကျန်းမာကြံ့ခိုင်သော လူသားအရင်းအမြစ် ရရှိရေးအတွက် ဆေးပေးခန်း၊အားကစားကွင်းများ၊ရေလှောင်ကန်များတိုးတက်ဖြစ်ထွန်းလာစေရမည်။

(က.၅) ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝ ဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးများ ကိုချမှတ်ပြီးကျေးရွာသူ/သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်မည်။

(က.၆) ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများဖော်ထုတ်ပြီး အရည်အသွေးမြင့် စိုက်ပျိုးရေး ထုတ်ကုန် များထုတ်လုပ်နိုင်အောင်ဆောင်ရွက်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဥ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှလည်း အထောက်အပံ့ ရရှိမည် ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက်ကို ပြင်ဆင်ရန်ဖြစ်ပါသည်။

**(က) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင် မိုးစပါး၊ဆောင်စပါး၊အခြားသီးနှံများကို စိုက်ပျိုးပါသည်။ စပါးစိုက်ပျိုးရာတွင် ရေကြီးနစ်မြုပ်ခြင်း၊ ရွှေခရုဖျက်ပိုး ကျရောက်ခြင်းသည်အဓိက ပြဿနာတစ်ရပ်ဖြစ်သည်။ ရေကြီး နစ်မြုပ်မှု နှင့်သဘာဝဘေးအန္တရာယ် ကာကွယ်ရန် ခေတ်မှီလယ်ယာ ဖော်ထုတ်ခြင်းနှင့် ရေစီးရေလာ ကောင်းမွန်အောင် သက်ဆိုင်ရာ အစိုးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။ ဖျက်ပိုးများ အန္တရာယ်အတွက်လည်း နှိမ်နင်းရေး ဝန်ဆောင်မှုများလိုအပ်နေပါသည်။ စပါးဈေးနှုန်း ကျဆင်းမှု ကြောင့်တောင်သူများအရှုံးနှင့်ရင်ဆိုင်ရပါသည်။ စိုက်ပျိုးနိုင်သော မြေနေရာများရှိသေးပြီး ဝင်ငွေ ကောင်းမွန်သော စိုက်ပျိုးရေးများလုပ်ဆောင်နိုင်ရန် နည်းပညာများနှင့် ဈေးကွက်ဖော်ဆောင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပြည်သူတို့ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

**(ခ) ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများတွင် စိုက်ပျိုးရေးချေးငွေ၊မွေးမြူရေးချေးငွေ၊အသေးစားစက်မှု လက်မှုလုပ်ငန်းများအတွက်ချေးငွေနှင့်အိမ်တွင်းမှုစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများကာလရှည်နှင့် အတိုးနှုန်းသက်သာစွာ ချေးယူရရှိနိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာနိုင်ပါသည်။ အထူးသဖြင့် လယ်သမားများနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။

**(ဂ) ကျေးလက်အသေးစား စက်မှုလက်မှု လုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်အသေးစား စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းများ ရရှိပါမည်။ သို့သော် ၎င်းတို့တွင်လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှု၊လက်မှုလုပ်ငန်းများ) အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ လုပ်နိုင်ရန် အခွင့်အလမ်းများရှိနေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်းစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု တည်ထောင်ပြီးမြို့နယ်အဆင့်စီမံခန့်ခွဲမှုအောက်တွင်တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်အချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကိုဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

**(ဃ) လမ်းပန်းဆက်သွယ်ရေး**

ကျေးရွာ ရွာတွင်းလမ်းများမှာ ကျောက်ပြားလမ်းများရှိပြီး ကျောက်ပြားများပျက်စီး နေသောကြောင့် ပွင့်လင်းရာသီမှသာ ဆိုင်ကယ်၊ ထော်လာဂျီ၊ စက်ဘီး၊ သုံးဘီး ဆိုင်ကယ်များကို အသုံးပြု၍ သွားလာနိုင်ပါသည်။ သွားလာနေသောယာဉ်များအားလမ်းခံနိုင်ဝန်သတ်မှတ်ချက်အတိုင်း ရွာတွင်းလမ်းများကိုစနစ်တကျ ခင်းကျင်းရန်လိုအပ်ပါသည်။ ပြောင်းလဲတိုးတက်လာမှုနှင့် အညီလမ်းများ ဖွံ့ဖြိုးတိုးတက် လာစေရန် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

**၈။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသောပန်းတိုင်များသို့ရောက်ရှိရန် ပါဝင်ပေး မည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ်ဦးစားပေး တန်းစီးခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ထို့ကြောင့်ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုမှ နှစ်သက်ရာအမှတ်ပေးအဆင့် ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အခြားအေဂျင်စီများထံမှလည်း နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းဝေးတွင်သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

နှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်(နတ်စဉ်ကျောင်းစုကျေးရွာ)

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၁၂၇၈'x၄'x၆'') ရွာအရှေ့ပိုင်းလမ်း | ၁ | ✔ | | | | |
| ၂ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၂ | | ✔ | ✔ | | |
| ၃ | ကျေးရွာအဝင်လမ်းကောင်းမွန်အောင်ဆောင်ရွက်ခြင်း (၁၁၀၀၀'x၈'x၆'') | ၄ | | | ✔ | ✔ | ✔ |
| ၄ | ကျေးရွာစာကြည့်တိုက်ရရှိအောင်ဆောင်ရွက်ခြင်း | ၁၁ | | ✔ | ✔ | ✔ | ✔ |
| ၅ | စာသင်ကျောင်းဆောင်ပြုပြင်ခြင်းတိုးချဲ့ဆောက်လုပ်ခြင်း | ၃ | | | ✔ | ✔ | |
| ၆ | ကျန်းမာရေးဆောင်ပေးခန်းနှင့်ကျန်းမာရေးဝန်ထမ်းရရှိအောင်ဆောင် ရွက်ခြင်း | ၈ | | ✔ | ✔ | | |
| ၇ | သောက်သုံးရေကန်ရရှိအောင်ဆောင်ရွက်ခြင်း | ၅ | | | ✔ | ✔ | |
| ၈ | အသက်မွေးဝမ်းကျောင်းအတတ်ပညာနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ခြင်း | ၆ | | ✔ | ✔ | | |
| ၉ | လယ်ထွန်းစက်ရရှိအောင်ဆောင်ရွက်ခြင်း | ၇ | | ✔ | ✔ | ✔ | |
| ၁၀ | စိုက်ပျိုးရေးနည်းပညာများရရှိအောင်ဆောင်ရွက်ခြင်း | ၉ | | | ✔ | ✔ | ✔ |
| ၁၁ | လူငယ်အားကစားကွင်းဆောင်ရွက်ခြင်း | ၁၀ | | | ✔ | | ✔ |

ဦးစားပေးစီမံချက်များ(နတ်စဉ်ကျောင်းစုကျေးရွာ)

| ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးရွာအဆောက်အဦ | ၁။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ပေ(၁၂၇၈'x၄'x၆") | ကျေးလက်ဦးစီးဌာန |
| | ၂။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၉၀ | ၂ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(ရွာအနောက်ပိုင်းလမ်း) | |
| | ၃။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၇၇ | ၄ | ကျေးရွာအဝင်လမ်းတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | |
| | ၄။စာပေဗဟုသုတကြွယ်ဝလာစေရန် | ၂၀ | ၁၁ | ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း | |
| ပညာရေး | ပညာရေးအဆောက်အဦများတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၈၀ | ၃ | စာသင်ကျောင်းဆောင်ပြုပြင်ခြင်း၊တိုးချဲ့ဆောက်လုပ်ခြင်း | |
| ကျန်းမာ ရေး | ကျန်းမာရေးကဏ္ဍာတိုးတက်လာစေရန် | ၄၇ | ၈ | ကျန်းမာရေးဆေးပေးခန်းနှင့်ကျန်းမာရေးဝန်ထမ်းရရှိအောင်ဆောင်ရွက်ခြင်း | |
| သောက်သုံးရေရရှိရေး | ကျေးရွာသောက်သုံးရေရရှိလာစေရန် | ၆၉ | ၅ | သောက်သုံးရေကန်ရရှိအောင်ဆောင်ရွက်ခြင်း | |
| စိုက်ပျိုးရေမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်း | အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေရန် | ၆၁ | ၆ | အသက်မွေးဝမ်းကျောင်းအတတ်ပညာနှင့်အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ခြင်း | |
| စိုက်ပျိုးရေး | ၁။ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် | ၅၀ | ၇ | လယ်ထွန်းစက်ရရှိရေးဆောင်ရွက်ခြင်း | |
| | ၂။ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် | ၃၉ | ၉ | စိုက်ပျိုးရေးနည်းပညာများရရှိအောင်ဆောင်ရွက်ခြင်း | |
| လူငယ်ဖွံ့ဖြိုးရေး | လူငယ်များစွမ်းဆောင်ရည်တိုးတက်လာစေရန် | ၂၅ | ၁၀ | လူငယ်အားကစားကွင်းဆောင်ရွက်ခြင်း | |

# ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(နတ်စဉ်ကျောင်းစုကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်း များ |
|---|---|---|---|---|---|---|
| ၁။ | **ကျေးရွာအဆောက်အဦကဏ္ဍ** | | | | | |
| | ● မိုးရာသီသွားလာ ရေးခက်ခဲခြင်း | ● မြေသားလမ်း ဖြစ်နေခြင်း | ● ကျေးရွာမှလုပ်အားဖြင့် ထည့်ဝင်နိုင်ခြင်း | ● ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စုများသောကြောင့် ငွေကြေးမတတ်နိုင်ခြင်း | ● ကွန်ကရစ်လမ်းဖြစ်မြောက် ရေးကော်မတီဖွဲ့စည်းခြင်း ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | ● ရွာတွင်းလမ်းကွန်ကရစ် ခင်းခြင်းစီမံချက်(၁၂၇၈' ပဲ၄'ပဲ၆'')(ကျေးရွာ အရှေ့ပိုင်းလမ်း) |
| | ● ကျောင်းသား / သူ များသွားရေးခက်ခဲ ခြင်း | ● မြေသားလမ်းဖြစ် နေခြင်း၊မိုးရာသီ ၌ ဗွက်ထခြင်း | ● ကျောင်းသား/သူများ သွားလာမှုများခြင်း၊ ကျေးရွာမှလုပ်အား ဖြင့် ထည့်ဝင်နိုင်ခြင်း | ● ကျေးရွာကိုယ်ထူကိုယ်ထဖြင့် မြေသားလမ်းခင်ထားသော် လည်းအသားမကသေးခြင်း၊ ငွေကြေးမလုံလောက်ခြင်း | ● သက်ဆိုင်ရာဦးစီးဌာနများ နှင့်ချိတ်ဆက်ခြင်း | ● ရွာတွင်းလမ်းကွန်ကရစ် ခင်းခြင်း(ကျေးရွာအနောက် ပိုင်းလမ်း) |
| | ● ကျေးရွာ လူမှုရေး၊ ကျန်းမာရေး၊ ပညာ ရေးလုပ်ငန်းများ နှင့် ကျေးရွာ ထုတ်ကုန် များ တင်ပို့ရောင်း ချရန်ခက်ခဲခြင်း၊ ရာသီ မရွေးသွားလာ ရန်ခက်ခဲခြင်း | ● မြေသားလမ်းဖြစ် နေခြင်း | ● ကျိုက်လတ် - မအူပင် ကားလမ်းမသို့ တိုက် ရိုက် ဆက်သွယ်သော ကြောင့်ကျေးရွာထုတ် ကုန်များ တင်ပို့ရောင်း ချရန် လွယ်ကူ လာနိုင် ခြင်း၊ကျေးရွာမှငွေကြေး | ● ကျေးရွာထည့်ဝင်ငွေနှင့်မလုံ လောက်ခြင်း | ● သက်ဆိုင်ရာဦးစီးဌာနများ နှင့်ချိတ်ဆက်ခြင်း | ● ကျေးရွာအဝင်လမ်းအား ကွန်ကရစ်လမ်းအဆင့် မြှင့်တင်ခြင်း(၁၁၀၀၀' ပဲ ၈'ပဲ၆'') |

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(နတ်စဉ်ကျောင်းစုကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်း များ |
|---|---|---|---|---|---|---|
| ၁။ | **ကျေးရွာအဆောက်အဦကဏ္ဍ** | | | | | |
| | ● အသိပညာဗဟုသုတများအားနည်းခြင်း | ● ကျေးရွာတွင်စာကြည့်တိုက်မရှိခြင်း | ● ကျေးရွာတွင်အလယ်တန်းအထက်တန်းပညာတတ်မြောက်သူများစွာရှိခြင်း၊စာဖတ်ဝါသနာပါသူများရှိခြင်း<br>● စာကြည့်တိုက်ရှိခြင်းဖြင့်အသိပညာဗဟုသုတများကြွယ်ဝလာ၍ ပြဿနာများနည်းပါးလာနိုင်ခြင်း | ● စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် အဆက်အသွယ်ကောင်းများမရှာဖွေတတ်ခြင်း | ● အထောက်အပံ့ပံ့ပိုးနိုင်မည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ● ကျေးရွာစာကြည့်တိုက်ဖြစ်မြောက်ရေးအစီအစဉ် |
| ၂။ | **ပညာရေးကဏ္ဍ** | | | | | |
| | ● ကျောင်းသား/သူများစာသင်ရန်ကျောင်းဆောင်အခက်အခဲရှိခြင်း | ● စာသင်ကျောင်းဆောင်ပျက်စီးယိုယွင်းနေခြင်း<br>● စာသင်ကျောင်းဆောင်မလုံလောက်ခြင်း | ● ကျေးရွာမှ စိတ်အားထက်သန်မှုရှိခြင်း၊<br>● ကျောင်းသားအရေအတွက်နှင့်ဆရာ၊ဆရာမအင်အားလုံလောက်မှုမရှိခြင်း | ● ပညာရေးရန်ပုံငွေအရင်းအနှီးမလုံလောက်ခြင်း၊<br>● သက်ဆိုင်ရာဦးစီးဌာနသို့မဆက်သွယ်တတ်ခြင်း | ● ပညာရေးဌာန၊ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ငွေကြေးအကူအညီများရရှိနိုင်ရန်ဆောင်ရွက်ခြင်း | ● စာသင်ကျောင်းဆောင်ပြုပြင်ခြင်း၊တိုးချဲ့ဆောက်လုပ်ခြင်း |

# ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(နတ်စဉ်ကျောင်းစုကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃။ | **ကျန်းမာရေးကဏ္ဍ** | | | | | |
| | ● ရပ်ရွာအတွင်းနာမကျန်းဖြစ်ရာတွင် လွယ်ကူနီးစပ်သောဆေးပေးခန်းမရှိခြင်း<br>● ကျန်းမာရေးအသိပညာအားနည်းခြင်း | ● ဆေးရုံဆေးပေးခန်းသို့သွားရန် လမ်းမကောင်းခြင်း ကျေးရွာဆေးပေးခန်း၊ကျန်းမာရေးဝန်ထမ်းမရှိခြင်း | ● ဆေးပေးခန်းဖွင့်လှစ်ခြင်းဖြင့် ကျေးရွာနေလူထု၏ အသေးစားကျန်းမာရေးအတွက် လုံခြုံစိတ်ချရခြင်း၊<br>● ကျေးရွာရှိ ကိုယ်ဝန်ဆောင်များနှင့်နို့တိုက်မိခင်များအတွက်ကျန်းမာရေးစောင့်ရှောက်မှု လွယ်ကူစွာရရှိခြင်း | ● ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးမှူးမရှိခြင်း၊<br>● ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအားနည်းနေခြင်း၊ | ● ကျေးရွာမှဆေးပေးခန်းနေရာလှူဒါန်းရန်၊<br>● ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ဆေးပေးခန်း၊ ကျန်းမာရေးဝန်ထမ်းချထားပေးရန်တင်ပြတောင်းခံ ခြင်း၊<br>● ကျန်းမာရေးအသိပညာပေးဟောပြောပွဲများစီစဉ်ခြင်း | ● ကျန်းမာရေးဆေးပေးခန်း နှင့် ကျန်းမာရေးဝန်ထမ်းရရှိအောင်ဆောင်ရွက်ခြင်း၊<br>● ကျန်းမာရေးဟောပြောပွဲများပြုလုပ်ခြင်း |
| ၄။ | **သောက်သုံးရေရရှိရေးကဏ္ဍ** | | | | | |
| | ● သောက်သုံးရေရရှိရန်အခက်အခဲရှိခြင်း<br>● မြစ်ရေ/ချောင်းရေကိုသောက်သုံးရေအဖြစ်အသုံးပြုနေရခြင်း | ● ကျေးရွာ တွင် သောက်သုံးရေကန်မရှိခြင်း | ● ကျေးလက်ဦးစီးကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်နေသောဌာနများ ရှိခြင်း၊<br>● ကျေးရွာမှလိုအပ်သောလုပ်အားများပါဝင်နိုင်ခြင်း၊ | ● ကျေးရွာတွင်ချောင်းရေကိုသာသောက်သုံးရေအဖြစ်အသုံးပြုနေကြပြီးသန့်ရှင်းသောသောက်သုံးရေကိုသုံးစွဲသင့်သည့်အသိပညာများအားနည်းခြင်း<br>● ငွေကြေးအခက်အခဲရှိခြင်း | ● ကျေးရွာမှရေကန်မြေနေရာလှူဒါန်းရန်<br>● ပုဂ္ဂလိက အလှူရှင်များ ကျေးလက်ဦးစီးဌာနနှင့်ချိတ် | ● သောက်သုံးရေကန်ရရှိရေးစီမံချက် |

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(နတ်စဉ်ကျောင်းစုကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်း များ |
|---|---|---|---|---|---|---|
| ၅။ | စိုက်ပျိုးရေးကဏ္ဍ | | | | | |
| | ● လယ်ထွန်စက်လို အပ်ခြင်း | ● စိုက်ပျိုးရေး အတွက်အချိန်မီ ထွန်ယက်စိုက်ပျိုး နိုင်မှုအားနည်း ခြင်း<br>● အခြားကျေးရွာမှ ထွန်စက်များငှား ရမ်းလုပ်ကိုင်ရ ခြင်း | ● ကျေးရွာတွင်လယ်ယာ စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြခြင်း၊<br>● အချိန်မီ ထွန်ယက်စိုက် ပျိုးနိုင်မည်ဖြစ်ခြင်း | ● ကျေးရွာတွင်ရင်းနှီးငွေ မရှိခြင်း၊ | ● သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ● လယ်ထွန်စက်ရရှိရေး ဆောင်ရွက်ခြင်း |
| | ● နည်းပညာ များ အသုံးပြုနိုင်မှုအား နည်းခြင်း၊ ပိုးနှင့် ရောဂါကျခြင်း | ● နည်းပညာဝန် ဆောင်မှုအား နည်းခြင်း၊<br>● သဘာဝအရရော ဂါပိုးမွှားကျနိုင် သည့်အခြေအနေ များဖြစ်ခြင်း | ● စိုက်ပျိုးရေးဌာန ရှိခြင်း၊<br>● စိုက်ပျိုးရေးကုမ္ပဏီ များရှိခြင်း | ● ကွင်းဆင်းဝန်းထမ်းနည်းခြင်း<br>● ကုမ္ပဏီများ မိမိတို့ဆေးရောင်း ရရေးသာအလေးထားခြင်း | ● ဝန်ဆောင်မှုပြည့်ဝစွာရရှိ ရေးစိုက်ပျိုးရေးဌာနနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ အားချိတ်ဆက်ခြင်း | ● စိုက်ပျိုးရေး နည်းပညာ များ ရရှိအသုံးပြုမှု တိုး တက်အောင်ဆောင် ရွက် ခြင်း |

# ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(နတ်စဉ်ကျောင်းစုကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်း များ |
|---|---|---|---|---|---|---|
| ၆။ | **စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများကဏ္ဍ** | | | | | |
| | ● အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးခြင်း၊<br>● စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ လွဲ၍ အခြား ဝင်ငွေရလုပ်ငန်းလုပ်ကိုင်လိုစိတ်နှင့်အတတ်ပညာနည်းပါးခြင်း | ● မိရိုးဖလာလယ်ယာလုပ်ငန်းနှင့် သာအသက်မွေးဝမ်းကျောင်းပြုသူများခြင်း၊<br>● လယ်ယာရိတ်သိမ်းချိန်မှသာ အလုပ်အကိုင်ရှိခြင်း | ● လက်သမား၊ပန်းရံလုပ်ငန်းတတ်မြောက်သူများရှိခြင်း၊ | ● အသက်မွေးဝမ်းကျောင်း အတတ်ပညာ တိုးတက်ရေး အတွက် အစီအစဉ်များမရှိခြင်း<br>● အသေးစားစီးပွားရေးလုပ်ငန်းများတည်ထောင်နိုင်ရေးအတွက် အသိအမြင်များမရှိခြင်း | ● အသက်မွေးဝမ်းကျောင်းအသက်ပညာတိုးတက်ရေးအတွက်အကူအညီပေးမည့် အစီအစဉ်များရှာဖွေခြင်း၊<br>● အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန်အသိပညာ၊ အတတ်ပညာဖွံ့ဖြိုးရေး အတွက် အကူအညီရရှိရန် မြို့နယ်အဖွဲ့အစည်းများ သို့ တင်ပြခြင်း | ● အသက်မွေးဝမ်းကျောင်း အတတ်ပညာတိုးတက်ရေးလုပ်ငန်း၊<br>● အသေးစားစီးပွားရေး လုပ်ငန်းများလုပ်ကိုင်နိုင်ရန်ဆောင်ရွက်ခြင်း၊ |
| ၇။ | **လူငယ်ကဏ္ဍ** | | | | | |
| | ● အားကစားပြုလုပ်ရန်အခက်အခဲရှိခြင်း | ● အားကစားကွင်းမရှိခြင်း | ● ကျေးရွာလူငယ်များမှအားကစားကိုစိတ်ပါဝင်စားမှုမရှိခြင်း | ● ကျေးရွာပိုင်မြေနေရာမရှိခြင်း | ● အားကစားလေ့ကျင့်ရေးကျောင်းများနှင့်ချိတ်ဆက်ပေးခြင်း | ● လူငယ်များအားကစားထူးချွန်အောင်လေ့ကျင့်ဆောင်ရွက်ခြင်း |

## နတ်စဉ်ကျောင်းစုကျေးရွာအုပ်စု၊နတ်စဉ်ကျောင်းစုကျေးရွာ(VDP)စီမံကိန်း ကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | အသက် | မှတ်ပုံတင်အမှတ် | ရာထူး | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးခင်မောင်မြင့် | ဦးတင်လှ | ၆၀ | ၁၄/ကလန(နိုင်)၀၅၄၅၆၄ | ဥက္ကဌ | | ချက်လက်မှတ် |
| ၂ | ဦးဒေဝ | ဦးတင်ဝင်း | ၄၅ | ၁၄/ကလန(နိုင်)၀၈၁၁၀၂ | ဒု-ဥက္ကဌ | | |
| ၃ | ဦးတင့်ဇော်မျိုး | ဦးလှမြင့် | ၃၈ | ၁၄/ကလန(နိုင်)၁၁၂၅၃၁ | အတွင်းရေးမှူး | | ချက်လက်မှတ် |
